**သမတအိမ်တော်၊ ရန်ကုန်မြို့**

# ၁၉၅၈ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

**[၁၉၅၈ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄။]**

**၁၃၁၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်။**

**(၁၉၅၈ ခုနှစ်၊ မတ်လ ၈ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ၊ အောက်ဖော်ပြပါ အက်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

## ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေခွဲဝေသုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၃,၄၀,၉၁,၀၅၀ (ဤအက်ဥပဒေပါဇယားတွင် ဖော်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၇ ခုနှစ်၊ ဘဏ္ဍာတော် ငွေ ခွဲဝေသုံးစွဲရေးအက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၂၇) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာတော် ငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ဇယား**

| အစိုးရဌာန။ | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|
| | | ကျပ် |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | .... .... .... | ၁,၇၁,၀၄၀ |
| ပညာရေး | .... .... .... .... | ၅,၄၃,၇၁၀ |
| ဆေးဘက်ဆိုင်ရာနှင့် ပြည်သူ့ကျန်းမာရေး | .... .... | ၄၁,၉၂,၀၁၀ |
| စက်မှု လက်မှုအလုပ်အကိုင်များ | .... .... | ၅,၄၀၀ |
| အထွေထွေ | .... .... .... .... | ၄,၀၀,၀၀၀ |
| ကာကွယ်ရေး | .... .... .... | ၅၀,၀၀,၀၀၀ |

| | | |
|---|---|---|
| ဆည်မြောင်းအတွက် မ,တည်ငွေရင်း | .... .... | ၁၀ |
| ရေကြောင်းဆိုင်ရာနှင့် မီးပြတိုက်များအတွက် မ,တည်ငွေရင်း | .... | ၁၃,၇၉,၁၁၀ |
| ပညာရေးအတွက် မ,တည်ငွေရင်း | .... .... | ၄,၀၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမ ငွေစုငွေချေးလုပ် ငန်းနှင့် ငတ်မွတ်ခေါင်းပါးခြင်း ကယ်ဆယ်ရေးအတွက် မ,တည်ငွေရင်း | | ၄၈,၃၅,၇၀၀ |
| လေကြောင်းပျံသန်းသွားလာမှုအတွက် မ,တည်ငွေရင်း | .... | ၁၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | .... .... | ၆၄,၀၅၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက် မ,တည်ငွေရင်း | .... .... | ၁၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရအာဏာပိုင်များသို့ ချေးငွေများ | .... | ၁,၆၅,၀၀,၀၀၀ |
| ပြည်နယ်အစိုးရများသို့ ချေးငွေများ | .... .... | ၇,၀၀,၀၀၀ |
| ပေါင်း | .... | ၃,၄၀,၉၁,၀၅၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်။

(၁၉၅၈ ခုနှစ်၊ မတ်လ ၈ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၁၃]